# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

### အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) အင်ဂျန်းယန်းမဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၂) ငါန်းဇွန်းမဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၈) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၉) မဘိန်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ရက်၊

(၁၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်နှင့်

(၁၂) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် စက်မှုလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော စက်မှုလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၇)ရက်မြောက်နေ့ဖြစ်သော ၂၅-၈-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၆-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် စက်မှုလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စက်မှုလုပ်ငန်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပို့ဆောင်ရေးဝန်ကြီးဌာနက ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်း ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပို့ဆောင်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနကိုယ်စား ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်းဥပဒေ (မူကြမ်း)ကို ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တူးမြောင်းနဲ့ပတ်သက်၍ ၁၉၀၅ ခုနှစ်တွင် ထုတ်ပြန်ထားရှိသော The Canal Act တွံတေးတူးမြောင်းနည်းဥပဒေ၊ ခနောင်တိုချောင်းနည်းဥပဒေတို့ကို လိုက်နာကျင့်သုံးခဲ့ပါတယ်။ The Canal Act မှာ ဆည်မြောင်းဦးစီးဌာနနဲ့သာ အများဆုံးသက်ဆိုင်မှုရှိပြီး ရေကြောင်းသွားလာရေးနှင့်ပတ်သက်၍ အနည်းငယ်သာပါရှိသဖြင့် ပြည့်စုံမှုမရှိကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ တူးမြောင်းနှင့်ဆက်စပ်ချောင်းများအတွင်းမှာ ကုန်သည်ရေကြောင်းသွားလာမှုအား စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေတစ်ရပ်ထုတ်ပြန်ထားရှိရန် လိုအပ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းကြောင်းကောင်းမွန်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသော တွံတေးတူးမြောင်းနဲ့ ခနောင်တို့မှာ ယခင်ထုတ်ပြန်ထားရှိသော တွံ့တေးတူးမြောင်းနည်းဥပဒေနဲ့ ခနောင်တိုချောင်းနည်းဥပဒေတို့မှာလည်း ခေတ်နဲ့ဆီလျော်မှုအားနည်းလာခြင်းတို့ကြောင့် ကုန်သွယ်ရေကြောင်းသွားလာမှုအား စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

## ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိ

မှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေ ကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ -

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး က ပေးပို့လာပါသည်။

၂။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီး ဌာနက စီမံခန့်ခွဲလျက်ရှိသော တူးမြောင်းဥပဒေ(The Canal Act)သည် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍအနေဖြင့် အနည်းငယ်သာ ပါဝင်သက်ဆိုင်မှုရှိပါသဖြင့် ခေတ်နှင့်လိုက်လျောညီထွေရှိမည့် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေအား အသစ်ပြဋ္ဌာန်းရန် ရည်ရွယ်ထား ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် စာမျက်နှာ ၁၀ မျက်နှာပါ အစီရင်ခံစာနှင့်အတူ စာမျက်နှာ ၂၀ မျက်နှာပါ ကန့်လန့်ဖြတ်ဇယားတို့ကို အသေးစိတ် လွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်ပါတယ်။

(၁) ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း (၈) ခန်းနှင့် အပိုဒ်ပေါင်း ၂၃ ခု ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးရှိ ၁၃၇၆ ခုနှစ်ကို ၁၃၇၇ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(၃) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)ရှိ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရန် အသုံးပြုသောရေကြောင်းခရီး စကားရပ်ကို ရေလမ်းခရီးဖြင့် တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရန် အသုံးပြုသော ရေကြောင်းဟု ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို တူးမြောင်းဆိုသည်မှာ ကုန်သွယ်ဖြင့် သယ်ယူပို့ဆောင်ရေး အတွက် ပင်လယ်၊ မြစ် သို့မဟုတ် ချောင်းနှင့် ဆက်စပ်၍ အသုံးပြုနိုင်ရန် တူးဖော် ဖောက်လုပ်ထားသော ကမ်းပါးနှစ်ဖက်ရှိသည့် ရေကြောင်းနယ်မြေကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် တူးဖော်ဖောက်လုပ်ထားသော တူးမြောင်းနှင့် ရေနုတ်မြောင်းများ မပါဝင်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ သတ်မှတ်ထားပြီး စကားရပ်ကို သတ်မှတ်ထားသည့်ဟု လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန စကားရပ်ကို ဝန်ကြီးဌာနဟုလည်းကောင်း၊ သတ်မှတ်ထားသော စကားရပ်ကို သတ်မှတ်သည့် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ( င)ကို ရေယာဉ် ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကို ရေလမ်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင် နှင့် အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို ရေလမ်းထိန်းအဆောက်အအုံ ဆိုသည်မှာ တူးမြောင်းကို ပြုပြင်ထိန်းသိမ်းရန် တည်ဆောက်ထားသော ကမ်းထိန်းနံရံ၊ ရေလွှဲရေကာ၊ ရေမြှော ပေါက်ပိတ်ရေကာ၊ နုန်းဖမ်းရေကာနှင့် လှိုင်းကာတို့ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို ဖြတ်သန်းခ ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်း သွားလာ သည့်ရေယာဉ်များကို ကောက်ခံရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အခကြေးငွေကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အကောက်စခန်း ဆိုသည်မှာ တူးမြောင်းအတွင်းဖြတ်သန်းသွားလာသည့် ရေယာဉ်များကို ကြီးကြပ်ကွပ်ကဲရန်နှင့် ဖြတ်သန်းခကောက်ခံရန် ဖွင့်လှစ်ထားသည့် စခန်းကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ည)အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၃။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဦးစီးဌာန ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တူးမြောင်းများ၏ စကားရပ်ကို တူးမြောင်းများအတွင်း ဟုလည်းကောင်း၊ ကွပ်ကဲကြီးကြပ်ရန် စကားရပ်ကို ကြီးကြပ်ကွပ်ကဲရန် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဎ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရေကြောင်းကြီးကြပ်ရေးမှူးဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ရေကြောင်းစစ်ဆေးရန်နှင့် ရေယာဉ်များ သွားလာမှုကို ကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ရှိ စိတ်ချပြီး စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၆) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ရှိ ကွန်ယက် စကားရပ်ကို ကွန်ရက် ဟုလည်းကောင်း၊ တိုးတက်ဖွံ့ဖြိုးစကားရပ်ကို ဖွံ့ဖြိုးတိုးတက် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၁၇) အခန်း(၃) ခေါင်းစဉ်ရှိ ပို့ဆောင်ရေး စကားရပ်ကို ပယ်ဖျက်၍ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၈) အခန်း(၃) အပိုဒ် ၄ ရှိ ပို့ဆောင်ရေး စကားရပ်ကို ပယ်ဖျက်ပြီး အပိုဒ်ခွဲ(က)ကို ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သည့် တူးမြောင်းများကို နယ်နိမိတ် အတိုင်း အတာဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ရှိ မြစ်ကြီးများ စကားရပ်ကို မြစ်များ ဟုလည်းကောင်း၊ ဖောက်လုပ် စကားရပ်များကို တူးဖော်ဖောက်လုပ် ဟုလည်းကောင်း ပြင်ဆင်ပါ သည်။

(၂၀) အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)ရှိ ခုတ်မောင်း စကားရပ်ကို ဖြတ်သန်း ဟုလည်းကောင်း၊ လွယ်ကူ စကားရပ်ကို လုံခြုံ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၄။

(၂၁) အပိုဒ် ၄ အပိုဒ်ခွဲ(င)ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ စကားရပ်ကို အစိုးရအဖွဲ့ဟု လည်းကောင်း၊ အခါအားလျော်စွာ ဖြတ်သန်းခကို ပြင်ဆင်သတ်မှတ်ခြင်း စကားရပ်ကို ဖြတ်သန်းခကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်းဟုလည်းကောင်း ပြင်ဆင်ပါ သည်။

(၂၂) အပိုဒ် ၄ အပိုဒ်ခွဲ(စ)ရှိ (DBFO = Design-Build-Finance-Operate)၊ ပုံစံထုတ်- ဆောက်လုပ်- စီမံ- ငွေကြေး ထောက်ပံ့စနစ် (DCMF=Design-Construct-Manage-Finance) စသည့်စနစ်တို့ဖြင့် စီးပွားရေးလုပ်ငန်းအလို့ငှာစကားရပ် ကို (DBFO= Design-Build-Finance-Operate) သို့မဟုတ် ပုံစံထုတ်- ဆောက်လုပ်- စီမံ-ငွေကြေး ထောက်ပံ့စနစ် (DCMF= Design-Construct-Manage-Finance) စသည့်စနစ်ဖြင့် ဟုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ စကားရပ် ကို အစိုးရအဖွဲ့ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)ကို တူးမြောင်းတူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အများပြည်သူအကျိုးငှာ ပုဂ္ဂလိကပိုင်မြေကို အသုံး ပြုရန်လိုအပ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ သိမ်းယူလွှဲပြောင်း ရယူရေး အတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့်လည်းကောင်း၊ သိမ်းယူမည့်မြေကို

ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော ဒေသခံပြည်သူများနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)ရှိ ကုန်သွယ်ရေကြောင်းသွားလာရာတွင် စကားရပ်ကို ဖြတ်သန်း သွားလာအသုံးပြုရာတွင်ဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း(၄) အပိုဒ် ၅ ရှိ ဤဦးစီးဌာန စကားရပ်ကို ဦးစီးဌာန ဟုလည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)ရှိ တူးမြောင်း မတိမ်ကော မပျက်စီးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အမြဲတစေအသုံးပြုနိုင်ရေးအတွက် စကားရပ်ကို တူးမြောင်းကို ရေရှည် အသုံးပြုနိုင်ရေးအတွက် ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)ရှိ တူးမြောင်း စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၇) အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)ရှိ ဖြတ်သန်းရေယာဉ် စကားရပ်ကို တူးမြောင်းအတွင်း ဖြတ်သန်း သွားလာသော ရေယာဉ်ဟုလည်းကောင်း၊ ဆောလျှင်စွာ စကားရပ်ကို ချက်ချင်းဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

အစီရင်ခံစာ၏ စာမျက်နှာ ၅။

(၂၈) အပိုဒ် ၅ အပိုဒ်ခွဲ(င)ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်သည် ကြံ့ခိုင်မှုနှင့် စက်စွမ်းအားလုံလောက်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ၊ သတ်မှတ် ထားသည့် ကျွမ်းကျင်သူ ရေယာဉ်ဦးစီးမပါလျှင်ဖြစ်စေ ယင်းရေယာဉ်ကို တူးမြောင်း အတွင်း ဖြတ်သန်းသွားလာခွင့်မပြုဘဲ တားမြစ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၅ အပိုဒ်ခွဲ(စ)ကို ဖြတ်သန်းခ မပေးဆောင်ဘဲ တူးမြောင်းအတွင်း ဖြတ်သန်း လျှင်ဖြစ်စေ၊ စစ်ဆေးသည့်အခါ ဖြတ်သန်းခပေးပြီးကြောင်း အထောက်အထား မပြနိုင် လျှင်ဖြစ်စေ အနီးဆုံး အကောက်စခန်းက ဖြတ်သန်းခကောက်ခံပြီးမှ ဖြတ်သန်း သွားလာခွင့်ပြုခြင်း ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)ကို ဖြတ်သန်းခကို လပေးစနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုပါက စိစစ်၍ ခွင့်ပြုခြင်းဟု ပြင်ဆင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး ခင်ဗျာ။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များထံ အားလုံး ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် စာမျက်နှာ ၁၀ နောက်ဆုံးပိုင်းပဲ ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်ရုံးက အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီး ဌာနက စီမံခန့်ခွဲလျက်ရှိသော တူးမြောင်းဥပဒေ (The Canal Act) သည် ရေကြောင်း ပို့ဆောင်ရေးကဏ္ဍအနေဖြင့် အနည်းငယ်သာ ပါဝင်သက်ဆိုင်မှုရှိပါသဖြင့် ခေတ်နှင့် လိုက်လျော ညီထွေမှုရှိမည့် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေအား အသစ် ပြဋ္ဌာန်းရန် ရည်ရွယ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူး ကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း (၈) ခန်းနှင့် အပိုဒ်ပေါင်း ၂၃ ခု ပါရှိ ပါသည်။

**မူကြမ်း**

( ၂) ဥပဒေခေါင်းစီးရှိ ၁၉၇၆ ခုနှစ် ကို ၁၉၇၇ ခုနှစ် ဟု ပြင်ဆင်ပါသည်။

( ၃) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (က)ရှိ တစ်နေရာမှ တစ်နေရာသို့ သယ်ယူ ပို့ဆောင်ရန် အသုံးပြုသောရေကြောင်းခရီး စကားရပ်ကို ရေလမ်းခရီးဖြင့် တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရန် အသုံးပြုသောရေကြောင်း ဟု ပြင်ဆင်ပါသည်။

( ၄) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ကို တူးမြောင်း ဆိုသည်မှာ ကုန်သွယ်ဖြင့် သယ်ယူ ပို့ဆောင်ရေး အတွက် ပင်လယ်၊ မြစ် သို့မဟုတ် ချောင်းနှင့် ဆက်စပ်၍ အသုံးပြုနိုင်ရန် တူးဖော် ဖောက်လုပ်ထားသော ကမ်းပါးနှစ်ဖက်ရှိသည့် ရေကြောင်းနယ်မြေကိုဆိုသည်။ ယင်း စကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် တူးဖော်ဖောက်လုပ်ထားသော တူးမြောင်း နှင့် ရေနုတ်မြောင်းများ မပါဝင်” ဟု ပြင်ဆင် ပါသည်။

( ၅) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ရှိ သတ်မှတ်ထားပြီး စကားရပ်ကို သတ်မှတ်ထားသည့် ဟုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန စကားရပ်ကို ဝန်ကြီးဌာန ဟုလည်းကောင်း၊ သတ်မှတ်ထားသော စကားရပ်ကို သတ်မှတ်သည့် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

( ၆) အပိုဒ် ၂ အပိုဒ်ခွဲ (င) ကို ရေယာဉ် ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကို ရေလမ်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗန် ၊ သစ်ဖောင်၊ ဝါးဖောင် နှင့် အခြား စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

( ၇) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို ရေလမ်းထိန်း အဆောက်အအုံ ဆိုသည်မှာ တူးမြောင်း**ကို** ပြုပြင်ထိန်းသိမ်းရန် တည်ဆောက်ထားသော ကမ်းထိန်းနံရံ၊ ရေလွှဲရေကာ၊ ရေမြှာ ပေါက်ပိတ်ရေကာ၊ နုန်းဖမ်း ရေကာနှင့် လှိုင်းကာတို့ကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

( ၈) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ကို ဖြတ်သန်းခ ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွား လာသည့် ရေယာဉ်များကိုကောက်ခံရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသောအခကြေးငွေကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) ကို အကောက်စခန်း ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များကို ကြီးကြပ်ကွပ်ကဲရန်နှင့် ဖြတ်သန်းခကောက်ခံရန် ဖွင့်လှစ်ထားသည့်စခန်းကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ (ည) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ကို ဆိုသည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဋ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ (ဋ) ကို အပိုဒ်ခွဲ (ဌ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဦးစီးဌာန ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) ကို အပိုဒ်ခွဲ (ဍ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ တူးမြောင်းများ၏ စကားရပ်ကို တူးမြောင်းများအတွင်း ဟုလည်းကောင်း၊ ကွပ်ကဲ ကြီးကြပ်ရန် စကားရပ်ကို ကြီးကြပ်ကွပ်ကဲရန် ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ကို အပိုဒ်ခွဲ (ဎ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ရေကြောင်းကြီးကြပ်ရေးမှူး ဆိုသည်မှာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များ သွားလာမှုလုံခြုံချောမွေ့စေရေးအတွက် ရေကြောင်းစစ်ဆေးရန်နှင့် ရေယာဉ်များ သွားလာမှုကို ကြီးကြပ်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း (၂)၊ အပိုဒ် ၃ အပိုဒ်ခွဲ (က)ရှိ စိတ်ချပြီး စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၆) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ရှိ ကွန်ယက် စကားရပ်ကို ကွန်ရက် ဟုလည်းကောင်း၊ တိုးတက်ဖွံ့ဖြိုး စကားရပ်ကို ဖွံ့ဖြိုးတိုးတက် ဟု လည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၁၇) အခန်း (၃) ခေါင်းစဉ်ရှိ ပို့ဆောင်ရေး စကားရပ်ကို ပယ်ဖျက်၍ ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း (၃)၊ အပိုဒ် ၄ ရှိ ပို့ဆောင်ရေး စကားရပ်ကို ပယ်ဖျက်ပြီး၊ အပိုဒ်ခွဲ(က)ကို ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သည့် တူးမြောင်းများကို နယ်နိမိတ်အတိုင်းအတာ ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခြင်း ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ရှိ မြစ်ကြီးများ စကားရပ်ကို မြစ်များ ဟု လည်းကောင်း၊ ဖောက်လုပ် စကားရပ်များကို တူးဖော်ဖောက်လုပ် ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၄ အပိုဒ်ခွဲ (ဃ) ရှိ ခုတ်မောင်း စကားရပ်ကို ဖြတ်သန်း ဟု လည်းကောင်း၊ လွှယ်ကူ စကားရပ်ကို လုံခြုံ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၄ အပိုဒ်ခွဲ (င) ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ စကားရပ်ကို အစိုးရအဖွဲ့ ဟုလည်းကောင်း၊ အခါအားလျော်စွာ ဖြတ်သန်းခကို ပြင်ဆင်သတ်မှတ်ခြင်း စကားရပ်ကိုဖြတ်သန်းခကို အခါအားလျော်စွာပြင်ဆင်သတ်မှတ်ခြင်း ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၄ အပိုဒ်ခွဲ (စ) ရှိ (DBFO = Design-Build-Finance-Operate )၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF=Design-Construct- Manage-Finance ) စသည့် စနစ်တို့ဖြင့် စီးပွားရေး လုပ်ငန်း အလို့ငှာ စကားရပ်ကို (DBFO = Design-Build-Finance-Operate ) သို့မဟုတ် ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေးထောက်ပံ့စနစ် (DCMF = Design-Construct-Manage-Finance) စသည့် စနစ်ဖြင့် ဟု လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ စကားရပ်ကို အစိုးရအဖွဲ့ ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၄ အပိုဒ်ခွဲ (ဆ) ကို တူးမြောင်း တူးဖော်ဖောက်လုပ်ခြင်း၊ တူးမြောင်းတိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးငှာ ပုဂ္ဂလိကပိုင်မြေကို အသုံးပြုရန် လိုအပ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ သိမ်းယူလွှဲပြောင်းရယူရေး အတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများနှင့် လည်းကောင်း၊ သိမ်းယူမည့်မြေကို

ပိုင်ဆိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော ဒေသခံပြည်သူများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၄ အပိုဒ်ခွဲ (ဇ) ရှိ ကုန်သွယ်ရေကြောင်းသွားလာရာတွင် စကားရပ် ကို ဖြတ်သန်းသွားလာ အသုံးပြုရာတွင် ဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း (၄)၊ အပိုဒ် ၅ ရှိ ဤဦးစီးဌာန စကားရပ်ကို ဦးစီးဌာန ဟု လည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)ရှိ တူးမြောင်း မတိမ်ကောမပျက်စီးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်ရေးအတွက် စကားရပ်ကို တူးမြောင်းကို ရေရှည် အသုံးပြုနိုင်ရေးအတွက် ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) ရှိ တူးမြောင်း စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၇) အပိုဒ် ၅ အပိုဒ်ခွဲ (ဃ) ရှိ ဖြတ်သန်းရေယာဉ် စကားရပ်ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ် ဟုလည်းကောင်း၊ ဆောလျှင်စွာ စကားရပ်ကို ချက်ချင်း ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၅ အပိုဒ်ခွဲ (င) ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်သည် ကြံ့ခိုင်မှုနှင့် စက်စွမ်းအားလုံလောက်မှုမရှိကြောင်း သံသယရှိလျှင် ဖြစ်စေ၊ သတ်မှတ်ထားသည့် ကျွမ်းကျင်သူရေယာဉ်ဦးစီး မပါလျှင်ဖြစ်စေ ယင်းရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်မပြုဘဲ တားမြစ်ခြင်း ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၅ အပိုဒ် (စ) ကို ဖြတ်သန်းခ မပေးဆောင်ဘဲ တူးမြောင်းအတွင်း ဖြတ်သန်းလျှင် ဖြစ်စေ၊ စစ်ဆေးသည့်အခါ ဖြတ်သန်းခပေးပြီးကြောင်း အထောက်အထား မပြနိုင်လျှင် ဖြစ်စေ အနီးဆုံးအကောက်စခန်းက ဖြတ်သန်းခကောက်ခံပြီးမှ ဖြတ်သန်းသွားလာခွင့် ပြုခြင်း ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၅ အပိုဒ်ခွဲ (ဆ) ကို ဖြတ်သန်းခကို လပေးစနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုပါက စိစစ်၍ ခွင့်ပြုခြင်း ဟု ပြင်ဆင် ပါသည်။

(၃၁) အပိုဒ် ၅ အပိုဒ်ခွဲ (ဇ) ကို ဝန်ကြီးဌာန၏ ကင်းလွတ်ခွင့်ရရှိထားသော ရေယာဉ်များမှအပ ကျန်ရေယာဉ်အားလုံးအား ဖြတ်သန်းခကောက်ခံခြင်း ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၂) အပိုဒ် ၅ အပိုဒ်ခွဲ (ဈ) ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်များနှင့် စပ်လျဉ်း၍ ရေယာဉ်အရွယ်အစား၊ တွဲအရေအတွက်၊ ရေစူးရေယာဉ်အမြန်နှုန်းတို့ကို သတ်မှတ်ခြင်း ဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၅ အပိုဒ်ခွဲ (ည) ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များနှင့် အချက်အလက်များကို စာရင်းပြုစုမှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်း ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၅ အပိုဒ်ခွဲ (ဋ) ရှိ ရေကြောင်း ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း စကားရပ်ကို ရေကြောင်းကို ဖွင့်လှစ်ခြင်း သို့မဟုတ် ပိတ်ခြင်း ဟုလည်းကောင်း၊ အခါအားလျော်စွာ စကားရပ်ကို အခါအားလျော်စွာ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၅ အပိုဒ်ခွဲ (ဌ)၊ အပိုဒ်ခွဲ (ဍ)နှင့် အပိုဒ် ၈ အပိုဒ်ခွဲ (ဃ) တို့ကို ပယ်ဖျက်ပါသည်။

(၃၆) အပိုဒ် ၅ အပိုဒ်ခွဲ (ဏ) ကို အပိုဒ်ခွဲ (ဍ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို တူးမြောင်းနယ်အတွင်း ရေတိုက်စားကမ်းပြိုမှုများမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း ဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၅ အပိုဒ်ခွဲ (တ) ကို အပိုဒ်ခွဲ (ဎ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဘေးအန္တရာယ်ဖြစ်စေသည့် ကုန်စည်များနှင့် မီးလောင်လွယ်သည့် ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာက လက်ခံထားသည့် နည်းစနစ်နှင့်အညီ လိုက်နာသယ်ဆောင်ခြင်း မရှိသည့် ရေယာဉ်များကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်မပြုခြင်း ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၅ အပိုဒ်ခွဲ (ဒ) ကို အပိုဒ်ခွဲ (ဏ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ နစ်မြုပ်ရေယာဉ်ကို ဆယ်ယူဖယ်ရှားရန် ပျက်ကွက်ပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို ဆယ်ယူဖယ်ရှား၍ စီမံခန့်ခွဲခြင်း စကားရပ်ကို ဆယ်ယူဖယ်ရှားရန် ပျက်ကွက်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆယ်ယူဖယ်ရှားခြင်းနှင့် လိုအပ်သလို စီမံခန့်ခွဲခြင်း ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၅ အပိုဒ်ခွဲ (ဓ) ကို အပိုဒ်ခွဲ (ထ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ စကားရပ်ကို တူးမြောင်းအတွင်း ဟု လည်းကောင်း၊ အဟန့်အတား များ စကားရပ်ကို အဟန့်အတားများကို ဟုပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၅ အပိုဒ်ခွဲ (ပ) ကို အပိုဒ်ခွဲ (ဓ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ နိုင်ငံခြား သင်္ဘော စကားရပ်ကို နိုင်ငံခြားရေယာဉ် ဟုလည်းကောင်း၊ ဖြတ်သန်းမောင်းနှင်သွား လာရန် စကားရပ်ကို ဖြတ်သန်းသွားလာရန် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၅ အပိုဒ်ခွဲ (ဖ) ကို အပိုဒ်ခွဲ (န) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဖြတ်သန်းခများ ကောက်ခံရာတွင် ရေယာဉ်မှတ်ပုံတင်ပါ တန်ချိန်နှင့် ပုံသေနည်းအရ တွက်ချက်တန်ချိန်တို့ ကွဲလွဲနေပါက များရာတန်ချိန်ဖြင့်ကောက်ခံခြင်း ဟု ပြင်ဆင်ပါ သည်။

(၄၂) အပိုဒ် ၅ အပိုဒ်ခွဲ (ဗ) ကို အပိုဒ်ခွဲ (ပ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ပို့ဆောင်ရေး စကားရပ်ကို ပယ်ဖျက်ပါသည်။

(၄၃) အပိုဒ် ၆ ကို ဦးစီးဌာနသည် တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ် များနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ရေယာဉ်ဦးစီး၏တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရေယာဉ်ဦးစီးအား သတ်မှတ်ချက်များနှင့်အညီ အရေး ယူ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၄) အခန်း (၅)၊ အပိုဒ် ၇ ကို ဦးစီးဌာနသည် ပုဒ်မ ၆ အရ ရေယာဉ်ဦးစီးတစ်ဦးဦးအား အရေးယူရန် ဆောင်ရွက်ရာတွင် ယင်းရေယာဉ်ဦးစီး၏ ကျွမ်းကျင်မှုလက်မှတ်မူရင်းနှင့် ရေယာဉ်မှတ်ပုံတင်လက်မှတ်မူရင်းတို့ကို သက်သေနှစ်ဦး၏ ရှေ့မှောက်တွင် သိမ်းဆည်းပြီး၊ သိမ်းဆည်းကြောင်းမိတ္တူကို ရေယာဉ်ဦးစီးအား ထုတ်ပေးထားရမည် ဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၈ အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) တို့ကို အပိုဒ်ခွဲ (ခ) အဖြစ် တူးမြောင်း အတွင်း သို့ ရေယာဉ် ဖြတ်သန်းသွားလာသည့်အခါ ဖြတ်သန်းခကို သက်ဆိုင်ရာ အကောက် စခန်းသို့ ပေးဆောင်ရမည်။ ဖြတ်သန်းခပေးဆောင်နေစဉ် ရေယာဉ်ကို ရပ်တန့်ထားရ

မည်။ ထုတ်ပေးသော ဖြတ်သန်းခပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို ဆက်လက်ထွက်ခွာခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) ကို တူးမြောင်းအရာရှိက စစ်ဆေးလျှင် ဖြတ်သန်းခပြေစာကို ပြသရမည် ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၈ အပိုဒ်ခွဲ (င) ကို အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၈ အပိုဒ်ခွဲ (စ) ကို အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ခုတ်မောင်းနေစဉ် မမျှော်လင့်သော စကားရပ်ကို ဖြတ်သန်းသွားလာနေစဉ် ဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၈ အပိုဒ်ခွဲ (ဆ) ကို အပိုဒ်ခွဲ (င) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့်အခါ သက်ဆိုင်ရာ အကောက်စခန်းမှူး၏ ညွှန်ကြားချက်အတိုင်း လိုက်န ဆောင်ရွက်ရမည် ဟု ပြင်ဆင်ပါသည်။

(၅၀) အခန်း (၆)၊ အပိုဒ် ၉ ရှိ ပို့ဆောင်ရေး စကားရပ်နှင့် တူးဖော် စကားရပ် တို့ကို ပယ်ဖျက်ပါသည်။

(၅၁) အပိုဒ် ၁၀ အပိုဒ်ခွဲ (က) ကို ရေလမ်းထိန်း အဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၁၀ အပိုဒ်ခွဲ (ခ) ရှိ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၅၃) အပိုဒ် ၁၀ အပိုဒ်ခွဲ (ဃ) ရှိ လယ်ယာမြေ၊ ဥယာဉ်ခြံမြေ စိုက်ပျိုးခြင်းမပြုရ စကားရပ်ကို လယ်ယာ သို့မဟုတ် ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၅၄) အပိုဒ် ၁၀ အပိုဒ်ခွဲ (င) ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းမှ ရေကို သွယ်ယူအသုံးပြုခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၁၀ အပိုဒ်ခွဲ (ဆ) ရှိ မပြုစေရ စကားရပ်ကို မပြုရ ဟု ပြင်ဆင်ပါသည်။

(၅၆) အပိုဒ် ၁၀ အပိုဒ်ခွဲ (ဇ) ရှိ ငါး၊ ပုဇွန်ကန် စကားရပ်ကို ငါးကန် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၅၇) အပိုဒ် ၁၀ အပိုဒ်ခွဲ (ည) ရှိ လမုတော၊ ဒီရေတောများကို ဖျက်ဆီး ရှင်းလင်းခြင်းမပြုရ စကားရပ်ကို လမုတော၊ ဒီရေတောများအပါအဝင် မည်သည့်အပင်ကိုမျှ ဖျက်ဆီးခြင်း၊ ရှင်းလင်းခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၅၈) အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၁။(ခ) ရေစုန်တွင် တစ်နာရီ ရေမိုင် ၁၂ မိုင်နှုန်းနှင့် ရေဆန်တွင် တစ်နာရီ ရေမိုင် ၈ မိုင်နှုန်းထက် ပို၍မောင်းနှင်သွားလာခြင်းမပြုရ။

(ဂ) ကမ်းပြိုလျက်ရှိသည့် နေရာများနှင့် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော နေရာများတွင် သီးခြားသတ်မှတ်ထားသော ရေမိုင်နှုန်းထက် ကျော်လွန်၍ မောင်းနှင်ခြင်း မပြုရ။

(၅၉) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ) ကို အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ နေ့အချိန် သတိပေးအလံများနှင့် ညအချိန်သတိပေးအချက်ပြမီးများ ပြသထားသည့်အခါ ရေယာဉ်ကို ဖြတ်သန်းမောင်းနှင် သွားလာခြင်းမပြုရ စကားရပ်ကို သတိပေးအမှတ်အသား၊ အလံများ၊ အချက်ပြမီးများနှင့် အခြားအမှတ်အသားများ ပြသထားသည့်အခါ ရေယာဉ်ကို ဖြတ်သန်းသွားလာခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၆၀) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဃ) ကို အပိုဒ်ခွဲ (င) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ရင်ဘောင်တန်း၍ စကားရပ်ကို အခြားရေယာဉ်တစ်စီးစီးနှင့် ရင်ဘောင်တန်း၍ ဟု ပြင်ဆင်ပါသည်။

(၆၁) အပိုဒ် ၁၁ အပိုဒ်ခွဲ (င) ကို အပိုဒ်ခွဲ (စ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ တွဲ ၃ တွဲ စကားရပ်ကို တွဲ သုံးတွဲ ဟု ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၁၁ အပိုဒ်ခွဲ (စ) ကို အပိုဒ်ခွဲ (ဆ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ရာသီဥတု ဆိုးရွားပြီး အမြင်အာရုံမကောင်းသည့် စကားရပ်ကို ရာသီဥတုကြောင့် မြင်ကွင်း မရှင်းလင်းသည့် ဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဇ) ကို အပိုဒ်ခွဲ (ဈ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မောင်းနှင် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၆၄) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဈ) ကို အပိုဒ်ခွဲ (ည) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို တစ်နာရီလျှင် ရေမိုင် သုံး မိုင်နှုန်းထက်မနည်း မောင်းနှင်နိုင်သော စက်စွမ်းအား မရှိသည့် ရေယာဉ်ကို ဖြတ်သန်းသွားလာခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၆၅) အပိုဒ် ၁၁ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဋ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို တွဲဆွဲရေယာဉ်၏ အကူအညီမပါဘဲ သစ်ဖောင် သို့မဟုတ် ဝါးဖောင်ကို ဝင်ရောက်စေခြင်း၊ မျှောခြင်း သို့မဟုတ် ဖြတ်သန်းသွားလာစေခြင်း မပြုရ ဟု ပြင်ဆင်ပါသည်။

(၆၆) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဋ) ကို အပိုဒ်ခွဲ (ဌ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မျှောထားခြင်း စကားရပ်ကို မျှောထားခြင်း ဟု ပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဌ) ကို အပိုဒ်ခွဲ (ဍ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ညအချိန် တူးမြောင်းအတွင်း ဖြတ်သန်းခုတ်မောင်းခြင်း မပြုရ စကားရပ်ကို ညအချိန် ဖြတ်သန်းသွားလာခြင်းမပြုရ ဟု ပြင်ဆင်ပါသည်။

(၆၈) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဍ) ကို အပိုဒ်ခွဲ (ဎ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဖြတ်သန်းခြင်း စကားရပ်ကို ဖြတ်သန်းသွားလာခြင်း ဟု ပြင်ဆင်ပါသည်။

(၆၉) အပိုဒ် ၁၁ အပိုဒ်ခွဲ (ဎ) ကို အပိုဒ်ခွဲ (ဏ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ မောင်းနှင် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇၀) အပိုဒ် ၁၁ အပိုဒ်ခွဲ (တ) အဖြစ် ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းကို နှောင့်ယှက်ဟန့်တားခြင်းမပြုရ ဟု အသစ်ဖြည့်စွက်ပါသည်။

(၇၁) အခန်း (၇)၊ အပိုဒ် ၁၃ ကို "မည်သူမဆိုပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၇၂) အပိုဒ် ၁၄ ကို မည်သူမဆိုပုဒ်မ ၁၀ ၊ ပုဒ်မခွဲ (က) မှ (ဈ) ထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်း မှ အများဆုံး

ကျပ်သိန်း ၃၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၁၅ ကို မည်သူမဆိုပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည) နှင့်ပုဒ်မ ၁၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၇၄) အပိုဒ် ၁၆ ကို မည်သူမဆိုပုဒ်မ ၁၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက် ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း ထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၁၇ ကို အခန်း (၈) အထွေထွေ သို့ ပြောင်းရွှေ့ပြီး၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) ရှိ အဆောက်အအုံတို့က စကားရပ်ကို အဆောက်အအုံတို့ကို ဟု လည်းကောင်း၊ တန်ဘိုး စကားရပ်ကို တန်ဖိုး ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၇၆) အခန်း (၈)၊ အပိုဒ် ၁၉ ရှိ ကိစ္စ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇၇) အပိုဒ် ၂၁ ကို ဦးစီးဌာနက စီစဉ်ထားရှိသော ရေကြောင်းပြ ရေယာဉ်၏ကြီးကြပ်မှု ဖြင့်သာ တူးမြောင်းအတွင်း ဖြတ်သန်းသွားလာရမည့် ရေယာဉ်များသည် ရေကြောင်း ပြသမှုဝန်ဆောင်ခကို ဦးစီးဌာနမှ သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည် ဟု ပြင်ဆင် ပါသည်။

(၇၈) အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာနကက တင်သွင်းသည့် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် ရက်ကို နောင်ကျင်းပပြုလုပ်မည့် လွှတ်တော်ပုံမှန်အစည်းအဝေးကာလအတွင်း ထပ်မံအသိပေးမည် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန အားဖိတ်ခေါ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေဟာ ၁၉၃၇ ခုနှစ်တွင် အိန္ဒိယအက်ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပြီးတော့ မြန်မာနိုင်ငံမှာ အာဏာသက်ရောက်စေခဲ့တဲ့ အက်ဥပဒေ ဖြစ်ပါတယ်။ အဆိုပါ အက်ဥပဒေကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မီးပြတိုက်အသစ်များ ထပ်မံဖြည့်စွက်၍ အစားထိုးရန်နှင့် ကာလနှင့်လိုက်လျော်ညီထွေမှုရှိသော စကားရပ်များဖြင့် ဒဏ်ကြေးသတ်မှတ်ချက်များ ပြင်ဆင်ပြဋ္ဌာန်းရန်အတွက် လိုအပ်လျက်ရှိပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံမီးပြတိုက်

အက်ဥပဒေသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆၊ ဇယား ၁ အပိုဒ် ၈ အပိုဒ်ခွဲ(စ)အရ မီးပြတိုက်မီးသင်္ဘောနဲ့ မီးပြအစီအမံများကို ပြည်ထောင်စုအဆင့်က ဥပဒေပြုပိုင်ခွင့်ရှိပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်ရကြောင်း ရှင်းလင်းစေရန် အတွက်လည်းကောင်း၊ ယခင်အက်ဥပဒေပါ နိုင်ငံတော်သမ္မတဆိုသည့်စကားရပ်အစား လက်ရှိ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနကိုလည်းကောင်း၊ မီးပြအခွန်ကို ကောက်ခံ ရာတွင် လုပ်ငန်းလျှင်မြန်မှုရှိစေရန် အကောက်အခွန်အရာရှိဆိုသည့် စကားရပ်အစား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က တာဝန်ပေးအပ်သော အရာရှိဟုလည်းကောင်း ပြင်ဆင်သတ်မှတ်လိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့် အဆိုပါဥပဒေမူကြမ်းအား ပြည်သူ့ လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်း သော မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားနိုင်ရန် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြုစုရေးဆွဲတဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှာ လက်ရှိ

ကျင့်သုံးလျက်ရှိတဲ့ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ်(၁၈)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနများ လက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းနဲ့ လုပ်ငန်းဆောင်ရွက်ရေးဦးစီးဌာနကို ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှာ ပို့ဆောင်ရေးဦးစီးဌာနအမည်နဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်သို့လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနအမည်နဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်သို့လည်းကောင်း ဦးစီးဌာနနှစ်ခုဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးတော့ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၈-၃-၂၀၁၂ ရက်နေ့ နေ့စွဲပါစာနဲ့ ညှိနှိုင်းချက်အရ ၁-၄-၂၀၁၂ ရက်နေ့မှစပြီး ရေကြောင်းကဏ္ဍကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်၍ ရေကြောင်းကဏ္ဍနှင့် ကုန်းလမ်းကဏ္ဍ ခွဲခြားနိုင်ရန် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်ရေးဆွဲရန် လိုအပ်လာတဲ့အတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို အသစ်ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို ရည်ရွယ်ချက် ခုနှစ်ချက်ထားရှိပြီးတော့ ရေးဆွဲခဲ့ပါတယ်။ ဒါတွေကတော့ နိုင်ငံတော်အတွက် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်းကမ်းစနစ်တကျ ကြီးကြပ်ကွပ်ကဲအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရန်အတွက် ပုဂ္ဂလိကခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနဲ့အညီလိုအပ်သောနည်းဥပဒေများ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်တဲ့အကြောင်းများ လျှော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသဆိုင်ရာသဘောတူစာချုပ်များပါ စည်းမျဉ်းစည်းကမ်းများနဲ့အညီ စနစ်တကျ ချောမွေ့စွာဆောင်ရွက်နိုင်ရန်နှင့် ယခင်ကသတ်မှတ်ထားတဲ့ ပြစ်ဒဏ်များ၊ ဒဏ်ငွေ

များဟာ လက်ရှိခေတ်ကာလနဲ့ ဆီလျော်မှုမရှိတော့ပါသဖြင့် ဆီလျော်အောင်ပြင်ဆင်ပြောင်းလဲ သတ်မှတ်နိုင်ရန်တို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကြမ်း အား လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားနိုင်ရန် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရထားပို့ဆောင်ရေးလုပ် ငန်းဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အား ဖိတ်ခေါ်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြုစုရေးဆွဲထားတဲ့ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးချန်မောင် က လွှတ်တော်တွင်ဆွေးနွေးပေးနိုင်ပါရန် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားအနေနဲ့ ဒီ Rail Way Act, India Act 9, 1890 Volume 7 အား ပြဋ္ဌာန်းတဲ့ အချိန်ကစပြီးတော့ ကျင့်သုံးလာခဲ့ရာမှာ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့လျော်ညီမှုရှိစေရန်အတွက် ကျွမ်းကျင်သူပုဂ္ဂိုလ်များထံမှ အကြံပြုချက်များရယူပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို အသစ်ပြန်လည် ရေးဆွဲခဲ့ပါတယ်။ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ရည်ရွယ်ချက် ၉ ချက် ဖြင့် ဦးတည်ထားရှိရေးဆွဲခဲ့ပါတယ်။ ဒါတွေကတော့ ရထားပို့ဆောင်ရေးလုပ်ငန်းနဲ့ ဆက်စပ်တဲ့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာတွင် စနစ်တကျဖြစ်စေရန်၊ ရထားပို့ဆောင်ရေးလုပ်ငန်း များ လုံခြုံချောမွေ့စေရေးအတွက် ရထားလမ်းများ၊ စက်ခေါင်းနှင့်တွဲများ စံချိန်စံညွှန်းညီညွတ်စွာ

ရှိ/မရှိစစ်ဆေးစေရန် ရထားလုပ်ငန်းဆိုင်ရာ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ အများပြည်သူထိခိုက်မှုမရှိစေဘဲ စနစ်တကျ ဆောင်ရွက်နိုင်ရန် ရထားလမ်းများ ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ပြောင်းလဲပြေးဆွဲခြင်းနှင့် တိုးချဲ့ပြေးဆွဲခြင်းတို့အား အများပြည်သူနဲ့ ကုန်စည်များ ဘေးအန္တရာယ်ကျရောက်ခြင်း မရှိစေဘဲ သတ်မှတ်ချက်များနှင့် ပြည်စုံစွာဆောင်ရွက်စေရန် ခရီးသည်နှင့်ကုန်စည်များ ပို့ဆောင်ပေးရာမှာ လွယ်ကူချောမွေ့အဆင်ပြေစေရန် ရထားအမျိုးအစားကို မူတည်၍ အလုပ်ချိန်များ စနစ်တကျသတ်မှတ်နိုင်ရန်၊ ရထားအဖွဲ့အစည်းများရဲ့ တာဝန်ပေးနဲ့ လုပ်ပိုင်ခွင့်များ သတ်မှတ်နိုင်ရန်၊ ဥပဒေအရ တားမြစ်ထားတဲ့ ကုန်စည်များမပါရှိစေရေးအတွက် စစ်ဆေးလက်ခံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်ပေးခြင်းများဆောင်ရွက်နိုင်ရန်နှင့် ခရီးသည်များအား သတ်မှတ်အဆင့်အတန်းနှင့်အညီ တွဲများဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနိုင်ရန် ရထားအဖွဲ့အစည်းများက ပို့ဆောင်ရေးဆိုင်ရာတာဝန်များ သတ်မှတ်နိုင်ရန် မတော်တဆမှုဖြစ်ပွားပါက ရထားဝန်ထမ်းများ ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများ သတ်မှတ်နိုင်ခြင်းတို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရထားပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားနိုင်ရန် ဥပဒေကြမ်းကော်မတီကိုလွှဲအပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီနေ့ ဥပဒေကြမ်းများကို ဥပဒေကြမ်းကော်မတီနဲ့ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားခြင်းဟာ လွှတ်တော်ရပ်နားချိန်အတွင်း မိမိတို့ဆောင်ရွက်ဖွယ်ရာကိစ္စများ ဆောင်ရွက်နိုင်အောင် ဖြန့်ဝေထားခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အိမ်စာပေးထားခြင်းပဲ ဖြစ်ပါတယ်။

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ( ၂၇-၈-၂၀၁၅ ) နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြောကြားသည့် အမှာစကား

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးယနေ့ အောင်မြင်ပြီးစီးမည့်နေ့ ဖြစ်ပါတယ်။ ဒီကာလအတွင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒသဘောထားများကိုရယူ၍ မေးခွန်းများမေးမြန်းခြင်း၊

အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများစိစစ်ပြဋ္ဌာန်းပေးခြင်းတို့ အများဆုံးပြုလုပ်နိုင်ခဲ့တဲ့ အစည်းအဝေးဖြစ်၍ ကာလအရှည်ဆုံးလည်းဖြစ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ၁၉-၁-၂၀၁၅ မှ ၂၇-၈-၂၀၁၅ ရက်နေ့ ယနေ့အထိ ၇ လနဲ့ ၉ ရက်တွင် အစည်းအဝေး (၈၉)ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ကျန်ရက်များကတော့ ရုံးပိတ်ရက်နှင့် ခေတ္တရပ်နားရက်များဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်လုပ်ငန်းများကိုလည်း မျှတစွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုအထောက်အကူပြုမယ့်ကိစ္စတွေမှာလည်း များစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခုပထမအကြိမ် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း ၄၁၂ ခုအနက် ၃၆၆ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၃၈၁ ခုအနက် ၁၃၀၀ ခုကိုဖြေကြားနိုင်ခဲ့ပါတယ်။ အဆို ၂၅ ခုနှင့် အရေးကြီးအဆို ၁ ခုတင်သွင်းနိုင်ခဲ့ပါတယ်။

ဒီကာလအတွင်းဆွေးနွေးရမည့် ဥပဒေကြမ်း ၉၆ ခုရှိရာဆွေးနွေးပြီးတဲ့ ဥပဒေပေါင်း ၈၀ ခုရှိပါတယ်။ ကျန် ၁၆ ခုကတော့ လွှတ်တော်အတွင်းမှာဆွေးနွေးဆဲဖြစ်ပါတယ်။(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုပြင်ပမှ လာရောက်လေ့လာသူ စုစုပေါင်း ၁၁၃၁၈ ဦးရှိပြီး နိုင်ငံခြားသား ၄၈၈ ဦး၊ မြန်မာနိုင်ငံသား ၁၀၈၃၀ ဦး ဖြစ်ပါတယ်။ ပထမပုံမှန်အစည်းအဝေးမှ ယခု (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိလေ့လာသူပေါင်း ၅၀၀၆၉ ဦးရှိပြီး၊ နိုင်ငံခြားသား ၁၃၂၆ ဦး၊ မြန်မာနိုင်ငံသား ၄၈၇၄၃ ဦးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးသိကြတဲ့အတိုင်း လာမည့် နိုဝင်ဘာလ ၈ ရက်နေ့မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပတော့မှာဖြစ်တဲ့အတွက် ရက်ပေါင်း ၇၃ ရက်ပဲလိုပါတော့တယ်။ လွတ်လပ်၍ တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိအောင် ရွေးကောက်ပွဲကော်မရှင်တွင်သာတာဝန်ရှိတာမဟုတ်ဘဲနိုင်ငံတော်အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ ပါတီများ၊ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူတစ်ရပ်လုံးမှာပါ တာဝန်ရှိသည်ဟု ခံယူပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးကာလတွေမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးရရှိအောင် အားလုံးပါဝင်ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ ဒီလိုမဆောင်ရွက်နိုင်လျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုတစ်နည်းမဟုတ် တစ်နည်းထိခိုက်နာကျင်မှုခံစားရမှာက ပြည်သူများသာဖြစ်ပါလိမ့်မယ်။

**မှုကြမ်း**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနှင့် အညီ ပြည်သူ့အတွက်၊ ပြည်သူ့အကျိုးစီးပွားအတွက် အစဉ်အမြဲဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ လာမည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ပထမအကြိမ် လွှတ်တော်သက်တမ်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီရက်မှာ လွှတ်တော်သက်တမ်းပြီးဆုံးမှာဖြစ်ပါတယ်။ အဲဒီရက်၊ အဲဒီနေ့အထိ ပြည်သူများ ရဲ့ နေ့စဉ်တွေ့ကြုံနေရသောအခက်အခဲနှင့် လိုအပ်ချက်များအပါအဝင် ဥပဒေပြုလုပ်ငန်းများကို မေးခွန်းများ၊ အဆိုများ၊ ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုများ ကို လွှတ်တော်အစည်းအဝေးကြီးရှိမှသာဆောင်ရွက်နေလျှင် ပြည်သူလူထုရဲ့ အခွင့်အရေးများဆုံးရှုံး နိုင်သဖြင့် လွှတ်တော်ရပ်နားချိန်တွင်လည်း လွှတ်တော်ကဖွဲ့စည်းတာဝန် ပေးအပ်ထားသောကော်မတီ၊ ကော်မရှင်များကအစည်းအဝေးများပြုလုပ်၍ ညှိနှိုင်းတိုင်ပင်ပူးပေါင်း ဆောင်ရွက်နိုင်ရန် စီစဉ်တာဝန် ပေးထားပြီးဖြစ်ပါတယ်။ ဒီကော်မတီ၊ ကော်မရှင်အစည်းအဝေးတွင် ကော်မတီဝင်ကိုယ်စားလှယ် များအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာမနက်ဖြန် လွှတ်တော်ကိုယ်စားလှယ်တာဝန် ပြီးဆုံးတယ်ဆိုလျှင် ဒီကနေ့အထိ ပြည်သူ့အတွက် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်သွားကြရမည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ဖို့လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာခင် ပြည်သူ့လွှတ်တော်ရဲ့ (၁၂)ကြိမ်မြောက် ပုံမှန် အစည်းဝေးပြီးဆုံးတော့မှာဖြစ်ပါတယ်။ နောက်ရက်မှာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပြီးဆုံး ပါမယ်။ လွှတ်တော်အစည်းအဝေးရပ်နားချိန်မှာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာပါဝင်ဖို့ ကြိုးစားနေတာကိုလည်း ကြိုဆိုပါတယ်။ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒါထက် ပထမအကြိမ် လွှတ်တော် သက်တမ်းအတွင်းမှာ ပြည်သူ့အတွက် အကောင်းဆုံးလုပ်ဆောင်ပြီးတာဝန်ကျေသော၊ သစ္စာရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်စေရေးအတွက် ဆောင်ရွက်သွားဖို့က ပိုပြီးအရေးကြီးပါတယ်။ ဆောင်ရွက်သွားကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ရပ်နားချိန်အတွင်း ဘေးအန္တရာယ်အပေါင်းကင်းဝေးကြပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက် နိုင်ကြပါစေလို့ ဆုတောင်းရင်းနိဂုံးချုပ်လိုက်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၈၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၈၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ယနေ့အအစည်းအဝေးပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

**မှုကြမ်း**